# ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ”) ၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ တွင် ကုန်ဆုံးသော နှစ်ဝက် ဘဏ္ဍာရေးကာလအတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီးသော ပေါင်းစည်းရေးဆွဲထားသည့် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အခြေခံထားသည့် သုံးသပ်ထုတ်ပြန်ကြေညာချက် ဖြစ်ပါသဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲဖတ်ရှုသင့်ပါသည်။ အခြားငွေကြေးအနေဖြင့် သီးခြားဖော်ပြထားခြင်းမရှိလျှင် ငွေပမာဏအားလုံးကို မြန်မာကျပ်ငွေဖြင့်သာ သုံးသပ်ဖော်ပြထားပါသည်။

## ၁။ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ

၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင်ကုန်ဆုံးသော နှစ်ဝက် ဘဏ္ဍာရေးကာလနှင့် ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက် နေ့ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးကာလများအတွက် ကျွန်ုပ်တို့ လုပ်ငန်းအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။

| (Kyat) | HY 01-Apr-22 to 30-Sep-22 | HY 01-Oct-21 to 31-Mar-22 | % Change |
|---|---|---|---|
| **Operating Revenue** | | | |
| Room Sales | 803,656,064 | 1,187,137,161 | **-32%** |
| Passenger Income (Balloon) | - | - | |
| Food and Beverage | 338,426,975 | 468,160,369 | **-28%** |
| Other operating | 80,923,972 | 122,759,339 | **-34%** |
| **Total** | **1,223,007,011** | **1,778,056,869** | **-31%** |
| **Cost of Sales** | | | |
| Room and Balloon | 190,670,874 | 267,289,749 | **-29%** |
| Food and Beverage | 244,828,788 | 287,942,402 | **-15%** |
| Other operating | 11,736,051 | 13,216,961 | **-11%** |
| **Total** | **447,235,713** | **568,449,112** | **-21%** |
| **Gross Profit** | **775,771,298** | **1,209,607,757** | **-36%** |
| **Other Income** | **27,614,054** | **1,154,955** | **2291%** |
| **Other Expense** | **5,260,237,638** | **(1,224,403,075)** | **-530%** |
| **EBITDA** | **(4,456,852,286)** | **2,435,165,787** | **-283%** |
| **EBIT** | **(5,389,184,279)** | **1,457,593,417** | **-470%** |
| **Interest Expense** | 874,903,039 | 1,009,219,558 | **-13%** |
| **(Loss) / Profit before Tax** | **(6,264,087,318)** | **448,373,859** | **-1497%** |
| **Total Comprehensive Income** | **(6,262,888,288)** | **649,500,164** | **-1064%** |

ကျွန်ုပ်တို့၏ အဓိကဝင်ငွေသည် အပန်းဖြေဟိုတယ်များနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများမှ ရရှိခြင်းဖြစ်ပြီး ယခုတင်ပြသော ဘဏ္ဍာရေးကာလအတွင်း လုပ်ငန်းအနေဖြင့် ခရီးသွားလာမှုနည်းပါးသော (Low Season) ကာလများ ပါဝင်နေသည့်အားလျော်စွာ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးကာလအား ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက လုပ်ငန်းမှရရှိသောဝင်ငွေသည် ၃၁ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

အခြားဝင်ငွေ (Other Income) တိုးတက်လာခြင်း၏ အကြောင်းအရင်းမှာ ကြိုတင်ကောက်ခံရရှိထားသော အခန်းငှားရမ်းခအချို့သည် လာရောက်တည်းခိုခြင်းမရှိသည့်အတွက် လုပ်ငန်း၏ ဝင်ငွေဖြစ်လာသောကြောင့်ဖြစ်ပါသည်။

လုပ်ငန်း၏အခြားကုန်ကျစရိတ်များ (Other Expenses) မှ အချို့စရိတ်များဖြစ်သော စီမံရေးရာနှင့်အထွေထွေကုန်ကျစရိတ်များ နှင့် Sales and Marketing ကုန်ကျစရိတ်များကို စီစစ်သုံးစွဲခဲ့သော်လည်း ကုမ္ပဏီ၏ ယခုဘဏ္ဍာရေးကာလတွင် စုစုပေါင်းအသားတင်အမြတ် အစားအသားတင်အရှုံး မြန်မာကျပ်ငွေ ၆.၃ ဘီလီယံကျော်ဖြစ်ပေါ်ခဲ့ပါသည်။

ထိုသို့ပေါ်ပေါက်ခဲ့ရခြင်းမှာ ယခုတင်ပြသော ဘဏ္ဍာရေးကာလသည် ခရီးသွားလာမှုနည်းပါးသည့် ကာလဖြစ်သည့်အလျောက် လုပ်ငန်းဝင်ငွေကျဆင်းခဲ့ခြင်းနှင့် လစဉ်ငွေလဲလှယ်မှု သတ်မှတ်ဈေးနှုန်းပြောင်းလဲမှုနှင့်အညီ လိုက်၍ ပြန်လည်တန်ဖိုးသင့်ရသော နိုင်ငံခြားချေးငွေကြောင့် ပေါ်ပေါက်လာသည့် ငွေကြေးပြောင်းလဲဖော်ပြခြင်း အရှုံး ( Unrealised Exchange Loss) ၄.၄၈ ဘီလီယံကြောင့်ဖြစ်ပါသည်။

## **နိုင်ငံခြားငွေကြေးပြောင်းလဲသတ်မှတ်မှု နှင့် လဲလှယ်မှု အမြတ်/အရှုံး (Foreign Currency Exchange Gain/Loss)**

ကျွန်ုပ်တို့လုပ်ငန်းအုပ်စုသည် Hotel Industry ထဲတွင် လုပ်ကိုင်နေသော လုပ်ငန်းတစ်ခုဖြစ်သည့် အားလျော်စွာ ယေဘုယျအားဖြင့် ငွေကြေးလဲလှယ်မှုဆုံးရှုံးနိုင်ခြေ (exchange rate risk) နှင့် ရင်ဆိုင်ရလေ့ရှိပါသည်။ နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းအတက်၊အကျမတည်ငြိမ်ခြင်းများကြောင့် ဆုံးရှုံးနိုင်ချေများကိုလျော့ချရန်အတွက် ယခုစာရင်းရေးဆွဲတင်ပြသော ဘဏ္ဍာရေးကာလတွင် အခန်းငှားရမ်းခများကို ကျပ်ငွေဖြင့်သာပြောင်းလဲသတ်မှတ်ခဲ့ခြင်း နှင့် ပေးရန်ရှိများကိုလည်း ကျပ်ငွေဖြင့်ပြောင်းလဲကောက်ခံရန် ညှိနှိုင်းခြင်းများဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင်ကုန်ဆုံးသော နှစ်ဝက် ဘဏ္ဍာရေးကာလ အား ပြီးခဲ့သည့် ဘဏ္ဍာရေးကာလရှင်းတမ်းနှင့် နှိုင်းယှဉ်ကြည့်ပါက နိုင်ငံခြားငွေလဲလှယ်မှုအရှုံးပေါ်ပေါက်ခဲ့ပါသည်။ အောက်ဖော်ပြပါ ယခုနှစ် ဘဏ္ဍာရေးရှင်းတမ်းမှ ကောက်နှုတ် ဖော်ပြထားသော ဇယားကို ကြည့်မည်ဆိုပါက

နိုင်ငံခြားငွေလဲလှယ်မှုဈေးနှုန်း ပြောင်းလဲမှုနှင့် အညီလိုက်၍ ပြန်လည်တန်ဖိုးသင့်ရာမှ ပေါ်ပေါက်လာသည့် အရှုံး (Exchange Loss - Unrealized) ၄.၄၈ ဘီလီယံတွင် နိုင်ငံခြားချေးငွေကြောင့် ဖြစ်ပေါ်သည့် အရှုံး ၄.၃၂ ဘီလီယံ သည် အဓိကအားဖြင့် ပါဝင်နေပါသည်။

| (Kyat) | Financial Period ended 30 September 2022 | Financial Period ended 31 March 2022 |
|---|---:|---:|
| Ex rate differential - realized | **1,769,500** | **(57,380,074)** |
| Ex rate differential - unrealized | **4,476,826,674** | **(1,878,988,994)** |
| **Total** | **4,478,596,174** | **(1,936,369,068)** |

## ၂။ ဘဏ္ဍာရေးအခြေအနေ

### လက်ငင်းမဟုတ်သောရပိုင်ခွင့်များ (Non-Current Assets)

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များတွင် ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းများ၌ အသုံးပြုသော ပုံသေပိုင်ပစ္စည်းများ (Property, plant and equipment) များ အဓိကပါဝင်ပါသည်။ ပုံသေပိုင်ပစ္စည်းများ ၁.၅၃ ရာခိုင်နှုန်း ကျဆင်းရခြင်းမှာ ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့် ထိတွေ့နိုင်သောပစ္စည်းများ (tangible assets) နှင့် မထိတွေ့နိုင်သောပစ္စည်းများ (intangible assets)၏ တန်ဖိုးလျော့စရိတ် (depreciation & amortization) ကြောင့်ဖြစ်ပါသည်။

| (Kyat) | Financial Period ended 30 September 2022 | Financial Period ended 31 March 2022 | % Change |
|---|---:|---:|---:|
| **Non-current Assets** | **52,803,085,837** | **53,651,830,743** | **-1.58%** |

## လက်ငင်းရပိုင်ခွင့်များ (Current Assets)

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းရပိုင်ခွင့်များထဲတွင် ကုန်ပစ္စည်းလက်ကျန်များ၊ ရရန်ရှိများ၊ ကြိုတင်ပေးထားငွေများ၊ ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ (amount due from related parties) နှင့် ငွေသားနှင့်ငွေသားကဲ့သို့သောအလားတူများ (cash and cash equivalents) များပါဝင်သည်။ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင်ကုန်ဆုံးသော နှစ်ဝက် ဘဏ္ဍာရေးကာလ နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလအတွင်း ၃၂.၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အဓိကအကြောင်းအရင်းမှာ Low Season ကာလအတွင်း ကုန်လက်ကျန်များကိုလျှော့ချ၍သိုလှောင်ခြင်း၊ ခရီးသွားလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာသောကြောင့် လုပ်ငန်းများပြန်လည်ဆောင်ရွက်လာနိုင်ပြီး Covid ကာလအတွင်း ကြိုတင်ပေးထားသည်များကို ပစ္စည်း(သို့မဟုတ်)ဝန်ဆောင်မှုများ ရရှိခဲ့ပြီးဖြစ်ခြင်း၊ ရရန်ရှိစာရင်းများကောက်ခံရရှိခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

| (Kyat) | Financial Period ended<br>30 September 2022 | Financial Period ended<br>31 March 2022 | % Change |
|---|---|---|---|
| **Current Assets** | **336,964,391** | **501,797,957** | **-32.8%** |

## လက်ငင်းပေးရန်တာဝန်များ (Current Liabilities)

လုပ်ငန်းအုပ်စု၏ အဓိကကျသော လက်ငင်းပေးရန်တာဝန်များတွင် ကာလရှည်ချေးငွေများမှ တစ်နှစ်အတွင်းပေးရန်ရှိသည်များ၊ ပေးရန်တာဝန်ရှိများ၊ ကြိုတင်အသုံးပြုထားသောစရိတ်များ အတွက် ပေးရန်တာဝန်များ၊ ပေးချေရနိုင်သောအခွန်၊ လျာထားအသုံးစရိတ်များအတွက် ပေးရန်တာဝန်နှင့် ကြိုတင်တောင်းခံထားသောစရံငွေ၊ ပတ်သက်ဆက်နွယ်သူများထံသို့ပေးရန်ရှိများ နှင့် အခြားပေးရန်တာဝန်များ၊ ယင်းတွင် ကော်မရှင် နှင့် အခြားအထွေထွေအရပ်ရပ်များ ပါဝင်ပါသည်။ ယခင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဉ်ပါက ယခု ဘဏ္ဍာရေးကာလတွင် လက်ငင်းပေးရန်တာဝန်မှာ ၂၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယင်းသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ နိုင်ငံခြားငွေဖြင့် ချေးယူထားသော ချေးငွေအတွက် လက်ငင်းပေးဆပ်ရမည့် ကြွေးမြီတန်ဖိုးမြင့်တက်လာခြင်း၊ ၎င်းနိုင်ငံခြားချေးငွေ၏ လက်ငင်းပေးဆပ်ရမည့် ကြွေးမြီ နှင့် အတိုးပေါ်တွင် နိုင်ငံခြားငွေလဲမှုဈေးနှုန်း သက်ရောက်မှုကြောင့် လက်ငင်းပေးရန်တာဝန်များ မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။

| (Kyat) | Financial Period ended<br>30 September 2022 | Financial Period ended<br>31 March 2022 | % Change |
|---|---|---|---|
| **Current Liabilities** | **17,220,880,949** | **14,000,620,873** | **23.0%** |

## လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ (Non-Current Liabilities)

လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များတွင် ကာလရှည်ချေးငွေများ၊ အခြားလက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များအပြင် ကာလရှည်မြေငှားရမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပေးရန်တာဝန် (finance lease obligation) များပါဝင်ပါသည်။ ကုမ္ပဏီတွင် နိုင်ငံခြားငွေဖြင့် ချေးယူထားသော ကာလရှည်ချေးငွေမှာ ယခု ဘဏ္ဍာရေးကာလတွင် ၆.၆၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယင်းသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ နိုင်ငံခြားငွေလဲလှယ်မှုဈေးနှုန်း ပြောင်းလဲလာမှုနှင့်အညီ ပြန်လည်တန်ဖိုးသင့်ရခြင်း ကြောင့်ဖြစ်ပါသည်။

| (Kyat) | Financial Period ended 30 September 2022 | Financial Period ended 31 March 2022 | % Change |
|---|---|---|---|
| **Non-current Liabilities** | **16,599,976,297** | **15,571,457,170** | **6.61%** |

## ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity)

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity) တွင် အစုရှယ်ယာမတည်ရင်းနှီးငွေ၊ ထိန်းသိမ်းထားရှိသောအမြတ်ငွေလက်ကျန် (Retained Earnings) နှင့် ထိန်းချုပ်ထားခြင်းမရှိသောအကျိုးခံစားခွင့် Non-Controlling Interest (NCI) တို့ပါဝင်သည်။ ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုသည် ယခင် ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ယခု ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင်ကုန်ဆုံးသော နှစ်ဝက် ဘဏ္ဍာရေးကာလတွင် ၂၁.၄၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုသို့ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခုလက်ရှိ ဘဏ္ဍာရေးကာလသည် Low Season အတွင်းကျရောက်နေပြီး ခရီးသွားလာမှုနည်းပါးသည့်အတွက် လုပ်ငန်းဝင်ငွေကျဆင်းခဲ့ပြီး ငွေလဲလှယ်မှုဈေးနှုန်း ပြောင်းလဲမှုနှင့်အညီလိုက်၍ ပြန်လည် တန်ဖိုးသင့်ရမှုတို့ကြောင့် ပေါ်ပေါက်လာသော အရှုံးဖြစ်ပေါ်မှုကြောင့်ဖြစ်ပါသည်။

| (Kyat) | Financial Period ended 30 September 2022 | Financial Period ended 31 March 2022 | % Change |
|---|---|---|---|
| **Total Equity** | **19,319,192,982** | **24,581,550,657** | **-21.41%** |

## ပြန်လည်သုံးသပ်ချက်များနှင့် အနာဂတ်မျှော်မှန်းချက်

၂၀၂၁ခုနှစ် စက်တင်ဘာလနှောင်းပိုင်းမှစ၍ ပြည်တွင်း Covid-19 ရောဂါကူးစက်ပျံ့ပွားမှု ကျဆင်းလာခြင်း၊ ကာကွယ်ဆေးထိုးနှံမှုများ၊ ရောဂါကာကွယ်ခြင်းနှင့်ပက်သက်၍ နေထိုင်ရမည့် နည်းလမ်းများ သိရှိလာခြင်းတို့ကြောင့် ရောဂါပျံ့ပွားမှုကို ထိန်းချုပ်လာနိုင်ပြီး ဟိုတယ်များကို Covid-19 ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ် လုပ်ကိုင်နိုင်ခဲ့ပါသည်။ လူစီးမီးပုံးပျံလုပ်ငန်းကိုလည်း ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက် မှစတင်၍ ပုဂံဒေသတွင် မီးပုံးပျံ ပျံသန်းခြင်းဝန်ဆောင်မှုများ ပြန်လည်စတင်နေပြီဖြစ်ပါသည်။

ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်းများ၏ ဝင်ငွေသည် နှစ်စဉ်အကြမ်းအားဖြင့် ခရီးသွားလာမှုနည်းပါးသည့် မေလ မှ စက်တင်ဘာလအတွင်း(Low Season) တွင်ကျဆင်းလေ့ရှိပြီး အောက်တိုဘာလမှ ဧပြီလအထိသည် ခရီးသွားလာမှုများပြားသည့်ကာလ(High Season) ဖြစ်ပါသည်။ ယခုဘဏ္ဍာရေးကာလသည် (Low Season) ဖြစ်သော်လည်း မိမိတို့လုပ်ငန်းအနေဖြင့် ဟိုတယ်အချို့ကို ဖွင့်လှစ်၍ဝန်ဆောင်မှုပေးခဲ့ပါသည်။ ခရီးသွားလာမှုနည်းပါးသည့်ကာလ ဖြစ်သည့်အတွက် ဝင်ငွေရရှိမှုနည်းပါးသော်လည်း လုပ်ငန်းလည်ပတ်စရိတ် နှင့် ဟိုတယ်ထိန်းသိမ်းစရိတ်အချို့ကို ကာမိစေပါသည်။

ကုမ္ပဏီအနေဖြင့် လာမည့်ခရီးသွားရာသီတွင် လုပ်ငန်းအုပ်စု၏ ဝင်ငွေပိုမို ရရှိစေရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ ပြည်ပခရီးသွားဝင်ရောက်မှု နည်းပါးနေသေးသည့်အတွက် ပြည်တွင်းခရီးသွားများကို အဓိကဦးတည်သည့် အရောင်းမြှင့်တင်ရေးအစီအမံများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း နှင့် ပြောင်းလဲနေသော စီးပွားရေးအခြေအနေ၊ ဈေးကွက်လိုအပ်ချက်များနှင့် ကိုက်ညီသော မဟာဗျူဟာများချမှတ်ခြင်း အစရှိသည့် ကြိုတင်ပြင်ဆင်မှုများကိုသာမက လုပ်ငန်းလည်ပတ်စရိတ်နှင့် အခြားစရိတ်စကများ လျှော့ချခြင်းအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကိုပါ စီမံဆောင်ရွက်ကြိုးပမ်းလျက်ရှိပြီး အစုရှယ်ယာရှင်များ၏ အနာဂတ် အကျိုးစီးပွားအတွက် အကောင်းဆုံးပြင်ဆင်ထားရှိပါသည်။

လုပ်ငန်းအုပ်စု၌ ဟိုတယ်လုပ်ငန်းများ ချဲ့ထွင်ရန်အတွက် ချေးငွေဖြင့် ဘဏ္ဍာငွေဖြည့်တင်းထားသည့် နိုင်ငံခြားငွေဖြင့် ချေးယူထားသော ချေးငွေရှိပါသည်။ သို့သော်ငြားလည်း ၎င်းချေးငွေမှာ ကာလရှည်ဖြစ်ပြီး လုပ်ငန်းအုပ်စုအနေဖြင့် အရစ်ကျချေးငွေပြန်လည်ပေးဆပ်မှု အချိန်ဇယားအား အချိန်နှင့်တပြေးညီ ပြန်လည်ပြင်ဆင်နိုင်ရန် ဆောင်ရွက်ထားရှိပါသည်။ လုပ်ငန်းအုပ်စု၏ စီမံအုပ်ချုပ်မှုအဖွဲ့သည် လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းကြီးထွားလာမှု အပေါ်မူတည်၍ လုပ်ငန်းအုပ်စု၌ ပေးရန်ရှိသော ကာလတိုနှင့် ကာလရှည် ချေးငွေများကို သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ပေးဆပ်နိုင်မည်ဟု ယုံကြည်ပါသည်။

လာမည့်ကာလများတွင် မမျှော်မှန်းနိုင်သော အခြေအနေများဖြစ်ပေါ်သည်မှအပ ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများ ပြန်လည်ဦးမော့လာနိုင်ပြီး လုပ်ငန်းအုပ်စုအနေဖြင့်လည်း ဟိုတယ်များဖွင့်လှစ်ခြင်း၊ လူစီးမီးပုံးပျံ ပျံသန်းခြင်းကို ပုဂံဒေသတွင်သာမက အခြားဒေသများ၌ပါ တိုးချဲ့ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး လုပ်ငန်းအုပ်စု၏ဝင်ငွေများပိုမိုတိုးတက်လာပြီး ရှေ့အလားအလာကောင်းများရရှိစေရန် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့ ကိုယ်စား



ဦးဝင်းအောင်

ဥက္ကဋ္ဌ